Myanmar Law Information System (MLIS)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နည်းဥပဒေများ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ နည်းဥပဒေများ အမှတ် ၂/၂၀၁၀)
## ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
## (၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏အထိမ်း အမှတ် တံဆိပ်ကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ နည်းလမ်းတကျဖြစ်စေရန် နိုင်ငံတော်အထိမ်းအမှတ် တံဆိပ် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤနည်းဥပဒေ များကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

## အခန်း (၂)
## နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို အသုံးပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များ

၃။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို-

(က) နိုင်ငံတော်သမ္မတရုံးအဆောက်အအုံ၌ တပ်ဆင်အသုံးပြုနိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ စီးနင်းလိုက်ပါသောယာဉ်များ၌ တပ်ဆင်အသုံးပြုနိုင်သည်။

(ဂ) ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်အဆောက်အအုံများ၊ ပြည် ထောင်စုအဆင့် အဖွဲ့အစည်း၏ရုံးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အဆောက်အအုံ များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်း၏ရုံးများ၊ နေပြည်တော်ကောင်စီရုံး၊ ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံးများတွင် တပ်ဆင်အသုံးပြု နိုင်သည်။

(ဃ) ဝန်ကြီးဌာနအသီးသီးနှင့် ယင်း၏လက်အောက်ရှိ ဝန်ထမ်းရုံးအဆင့်ဆင့်တွင်လည်းကောင်း၊ တရားရုံးအဆင့်ဆင့်တွင်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို တပ်ဆင်ရန် ခွင့်ပြုထားသောဌာန၊ အဖွဲ့အစည်း၏ရုံးများတွင်လည်းကောင်း တပ်ဆင်အသုံးပြုနိုင်သည်။

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ သံရုံးများ၊ အမြဲတမ်းကိုယ်စားလှယ်ရုံးများနှင့် အဆင့်ဆင့်သော ကောင်စစ်ဝန်ရုံးများတွင် တပ်ဆင်အသုံးပြုနိုင်သည်။

(စ) နိုင်ငံတော်ဧည့်ခံအခမ်းအနားများနှင့် နိုင်ငံတော်ကိုကိုယ်စားပြုသော ပုဂ္ဂိုလ်များက ပြုလုပ်သည့် အခမ်းအနားများ၌အသုံးပြုသောအသုံးအဆောင်ပစ္စည်းများတွင်ရိုက်နှိပ်၍ အသုံးပြုနိုင်သည်။

(ဆ) နိုင်ငံတော်ထုတ်ငွေစက္ကူနှင့် တံဆိပ်ခေါင်းများတွင် ရိုက်နှိပ်၍ အသုံးပြုနိုင်သည်။

(ဇ) နိုင်ငံတော်သမ္မတက ခွင့်ပြုထားသောအဖွဲ့အစည်းများနှင့် ကာကွယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှု အောက်ရှိလက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ ဝန်ထမ်းအဆင့်အတန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယင်းဝန် ထမ်းများ၏ ဝတ်စားဆင်ယင်မှုနှင့် စပ်လျဉ်း၍လည်းကောင်း အသုံးပြုနိုင်သည်။

(ဈ) ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့က ခွင့်ပြုထားသောဌာန၊ အဖွဲ့အစည်းများ၏ ရုံးသုံးစာရွက်စာတမ်းများတွင် ရိုက်နှိပ်အသုံးပြုနိုင် သည်။

(ည) နိုင်ငံတော်အစည်းအဝေးများနှင့် အခမ်းအနားများတွင် အသုံးပြုနိုင်သည်။

**အခန်း (၃)**

**အထွေထွေ**

၄။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နည်းဥပဒေများ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် နည်းဥပဒေများ အမှတ် ၂) ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး

အတွင်းရေးမှူး (၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)